**ဗီယင်နာမြို့အခြေစိုက် မြန်မာအမြဲတမ်းကိုယ်စားလှယ်**

**IAEA Board of Governors အစည်းအဝေးတွင် ပါဝင်ဆွေးနွေး**

(၂၂-၁၁-၂၀၂၃ ရက်၊ ဗီယင်နာ)

အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency–IAEA) ၏ အုပ်ချုပ်မှုအဖွဲ့ (Board of Governors) အစည်းအဝေးကို ဩစတြီးယားနိုင်ငံ၊ Vienna International Centre တွင် ၂၂-၁၁-၂၀၂၃ ရက်မှ ၂၄-၁၁-၂၀၂၃ ရက်အထိ ကျင်းပလျက်ရှိရာ၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်းနှင့် ဘာသာရပ်တာဝန်ခံ ပထမအတွင်းဝန် ဒေါ်မြတ်မဥ္ဇူပြုံးတို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေး၏ နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ခေါင်းစဉ်အောက်၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ပါဝင်ဆွေးနွေးရာတွင် IAEA ၏ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချမှုနှင့် နျူကလီးယားနည်းပညာကို တာဝန်ယူမှု၊ ဘေးကင်းမှု၊ လုံခြုံမှုနှင့် ရေရှည်တည်တံ့သောနည်းလမ်းများဖြင့် လွှဲပြောင်းမှုမြှင့်တင်ဆောင်ရွက်ရာ၌ ယင်း၏နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို မြန်မာနိုင်ငံအနေဖြင့် များစွာအလေးထားပါကြောင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ၏လူနေမှုဘဝ မြှင့်တင်ရေးနှင့် ရေရှည်တည်တံ့သော လူမှုစီးပွားတိုးတက်ရေးတို့အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ဦးစားပေးလိုအပ်ချက်များ အထူးသဖြင့် အစားအစာနှင့် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် အာဟာရနှင့် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကဏ္ဍများကို ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိပါကြောင်း၊ IAEA အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် နည်းပညာပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအပါအဝင် နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကူညီပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် IAEA ၏ ကင်ဆာကုထုံးဆိုင်ရာ Rays of Hope၊ စွန့်ပစ်ပလပ်စတစ်များဆိုင်ရာ NUTEC Plastics၊ တိရစ္ဆာန်မှလူသို့ကူးစက်မှုရောဂါဆိုင်ရာ ZODIAC ခေါ် ဦးစားပေးစီမံကိန်းများနှင့် FAO နှင့်ပူးပေါင်းဆောင်ရွက်နေသော စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ Atoms4Food စီမံကိန်းသစ်တို့ကိုလည်း ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

++++++++++


IAEA
01:46


MYANMAR